**တောင်ငူတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗ.က.သ များအဖွဲ့ချုပ်)**

**Taungoo University Students' Union (ABFSU)**

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်**

---

# လွတ်လပ်ရေးနေ့ နှိုးဆော်ချက်

ယနေ့ကျရောက်သော ဇန်နဝါရီလ (၄) ရက်နေ့ လွတ်လပ်ရေးနေ့သည် မြန်မာတစ်မျိုးသားလုံး၏ အရိုးဆွေးသည့်တိုင် မမေ့သင့်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ လူတိုင်းသည် မိမိလူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစာပေတို့ကို ချစ်မြတ်နိုးတန်ဖိုးထားရမည်ဖြစ်ပြီး ကျွန်မခံလိုသော အမျိုးသားရေးစိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်တို့ ပြည့်ဝနေရမည်ဖြစ်သည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ၊ အမျိုးသားရေးခေါင်းဆောင်များ၊ ပြည်သူများ၏ တညီတညွတ်တည်း ကိုယ်ကျိုးစွန့်အနစ်နာခံ ပူးပေါင်းတော်လှန်မှုများကြောင့် ကိုလိုနီနယ်ချဲ့တို့နှင့် ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်နိုင်ခဲ့ပြီး “သူ့ကျွန်ဘဝ” မှလွတ်မြောက်၍ “လွတ်လပ်ရေး” ကို ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ရရှိခဲ့သည်မှာ ထင်ရှားသော သမိုင်းသတ်သေ အောင်ပွဲသာဓကများပင်ဖြစ်ပြီး ယနေ့ဆိုလျှင် (၇၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးမကြာမီတွင်လည်း အမှန်တရားအတွက် ရဲရဲတောက်တိုက်ပွဲဝင်ခဲ့သော မြန်မာ့တပ်မတော်ကြီးသည် စစ်မိစ္ဆာအာဏာရူးတို့၏ ကိုယ်ကျိုးအတွက်အသုံးချခြင်းကိုခံခဲ့ရကာ

မြန်မာနိုင်ငံတော်ကြီးသည်လည်း "သူ့ကျွန်ဘဝ" မှလွတ်မြောက်ခဲ့ပြီး "စစ်ကျွန်ဘဝ"သို့ ပြန်လည်ကျရောက်ခဲ့ရပေသည်။

ယခုအခါတွင်လည်း ကျွန်ုပ်တို့၏နိုင်ငံတော်ကြီးသည် အကြမ်းဖက် ဖက်ဆစ်စစ်မိစ္ဆာအာဏာရှူးတို့၏ လက်ထဲသို့ကျရောက်နေပြီး တိုင်းပြည်အားနောက်တစ်ဖန် "စစ်ကျွန်ဘဝ" သို့ ပြန်လည်သွတ်သွင်းလျက်ရှိပါသည်။ ထိုအချိန်မှစ၍ တိုင်းပြည်သည် အဘက်ဘက်မှဆုတ်ယုတ်လျက်ရှိပြီး ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်းများမှာလည်း မလုံခြုံတော့ပေ။

ထို့ကြောင့် ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများအားလုံး တော်လှန်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုး ကမ္ဘာတည်သရွေ့ အခွန့်ရှည်တည်တံ့စေရန်၊ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရန်၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရန်တို့အတွက် အချင်းချင်းလက်တွဲ၍ မောင်းထုစရာ၊ လူစုစရာမလိုဘဲ တညီတညွတ်တည်း စစ်မိစ္ဆာအာဏာရှူးတို့အား "အနိုင်မခံစိတ်ဓာတ်"ဖြင့် ကျရာကဏ္ဍမှ မဖြစ်မနေတော်လှန်တိုက်ထုတ်နိုင်မှသာ "သူ့ကျွန်ဘဝ"မှ လွတ်မြောက်သကဲ့သို့ "စစ်ကျွန်ဘဝ" မှ လွတ်မြောက်လိမ့်မည်ဖြစ်ကြောင်း ယနေ့ကျရောက်သော (၇၄)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် ထပ်မံ၍တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ကျောင်းသားများသမဂ္ဂ

တောင်ငူတက္ကသိုလ်